ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရ

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဝန်ကြီးဌာန

**ကြေညာချက် အမှတ် (၈/၂၀၂၃)**

ဩဂုတ်လ ၂၃ ရက်၊ ၂၀၂၃ ခုနှစ်။

**"အောင်ဘာလေထီလုပ်ငန်းအား အပြီးတိုင်ဖျက်သိမ်းပြီး ဖြစ်သည့်အတွက် လက်ကားဝယ်ရောင်းနေသော ထီလုပ်ငန်းရှင်ကြီးများ အနေဖြင့် အောင်ဘာလေထီလက်မှတ်များ ဝယ်ယူ ရောင်းချ ဖြန့်ဖြူးခြင်း မပြုကြရန် အထူးသတိပေး တားမြစ်ခြင်း"**

၁။ လောင်းကစားဥပဒေကို ပထမအကြိမ် ပြင်ဆင်သည့်ဥပဒေအား ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၆) ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၅) ဖြင့် အတည်ပြုပြဋ္ဌာန်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

၂။ ထိုသို့ ပြင်ဆင်ပြဋ္ဌာန်းလိုက်သည့် ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ (ည) တွင်-

"**ထီ** ဆိုသည်မှာ အမျိုးသားညီညွတ်ရေးအစိုးရ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော "အောင်လံလွှင့်ချီ နေ့ဦးထီ" ကို ဆိုသည်။" ဟု အတိအလင်းပြင်ဆင် ပြဋ္ဌာန်းထားပြီးဖြစ်သည်။

၃။ သို့ပါ၍ လက်ကားထီလုပ်ငန်းရှင်ကြီးများအနေဖြင့် အကြမ်းဖက်စစ်ကောင်စီ၏ တရားမဝင် လောင်းကစား ဖြစ်သည့် အောင်ဘာလေထီလက်မှတ်များ ဝယ်ယူရောင်းချဖြန့်ဖြူးခြင်း အလျှဉ်းမပြုကြရန် အထူးသတိပေး တားမြစ်လိုက်သည်။

၄။ တားမြစ်ချက်အား ဖောက်ဖျက်ကျူးလွန်သည့် ထီလုပ်ငန်းရှင်ကြီးများအား တည်ဆဲဥပဒေများနှင့် အညီ အရေးယူဆောင်ရွက်သွားနိုင်ရေးအတွက် အမျိုးသားညီညွတ်ရေးအစိုးရ၊ ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

တင်ထွန်းနိုင်

ပြည်ထောင်စုဝန်ကြီး

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန